ပပြင်ကျေးရွာ

မြိတ်မြို့နယ်၊ မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပပြင်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် -

LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ပပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၈
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


သြဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပပြင်ကျေးရွာ

မြိတ်မြို့နယ်

ပပြင်ကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မြိတ်မြို့နယ်၊ပင်ကြေးရွာအုပ်စု၊ ပင်ကြေးရွာသည် မြောက်လတ္တီကျူ ၁၂ ဒီဂရီ ၄၁ မိနစ် ၀၇ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၄၇ မိနစ် ၂၂ စက္ကန့်အကြား တွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၈.၅၀) မိုင်နှင့် တောင်မှမြောက်သို့ (၇.၉၀) မိုင် ရှည်လျားပါသည်။ ပင်ကြေးရွာ၏ ဧရိယာမှာ ၄.၈၀ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ပင်ကြေးရွာအုပ်စု၏ အရှေ့ဘက်တွင် အလယ်ချောင်းကြေးရွာအုပ်စု၊ တောင်ဘက်တွင် သမုတ်မြစ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် သမုတ်ကြေးရွာနှင့် မြောက်ဘက်တွင် သဲပုံကြေးရွာအုပ်စုနှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။ ပင်ကြေးရွာအုပ်စု၏ တောင်ဘက်တွင် စီးဆင်းလျက်ရှိသော သမုတ်မြစ်သည် ထင်ရှားသည့်မြစ်တစ်ခု ဖြစ်ပြီး စက်လှေများလည်း သွားလာနိုင်ပါသည်။ ပင်ကြေးရွာသည် ပင်လယ်ရေမျက်နှာပြင် အထက် (၁၂၀) ပေတွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပင်ကြေးရွာအုပ်စုသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၄.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ပင်ကြေးရွာအုပ်စု၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၅.၃၉) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၁၀၃.၉၂) လက်မဖြစ်ပါသည်။ နွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ (၃၈.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၅.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံးအပူချိန်မှာ (၂၁) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၄.၅) ဒီဂရီစင်တီဂရိတ်တို့ဖြစ်ပါသည်။ ပင်ကြေးရွာတွင် သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝ ပေါက်ပင်များမှာ ကညင်ပင်၊ တောင်သရက်ပင်၊ သစ်ခါပင်၊ တောင်ပရုံးပင်၊ သင်္ကန်းပင်တို့ ဖြစ်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ ကျလောင်၊ တောဝက်၊ ဆတ်၊ မျောက်တို့ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပင်ကြေးရွာတွင် အိမ်ထောင်စု (၁၉၇) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၁,၀၅၄) ဦး ရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေမှာ ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာတွင်နေထိုင်သည့် အိမ်ထောင်စုဝင်များမှာ ကရင်လူမျိုးများသာ ဖြစ်သည့်အတွက် ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဘာသာရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပါသည် ထိုအဖွဲ့အစည်းများမှာ အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက် ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်

ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြင်ကျေးရွာတွင် World Vision နှင့် Unicef လူထုအခြေပြု အဖွဲ့အစည်းနှစ်ခု သာရှိပါသည်။ သို့သော် ကျန်ရှိသောကဏ္ဍများအတွက် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပြင်ကျေးရွာတွင် မြေမဲ့ယာမဲ့တောင်သူအိမ်ထောင်စုများမှာ စုစုပေါင်း အိမ်ထောင်စု၏ (၁၇.၂၆%) ရှိပါသည်။ ၁၂.၅ ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးများမှာ (၂၅.၈၈%)၊ ၅ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်သည့် တောင်သူလတ်များမှာ (၁၇.၇၇%)။ တောင်သူငယ် (၂၀.၃၁%) နှင့် ဆင်းရဲသားတောင်သူ (၁၈.၇၈%) ရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စုဝင် အများစုသည် ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းများတွင် နေ့စားကျပန်း အဖြစ် လုပ်ကိုင်ကြသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံများမှာ စပါးနှင့် ကွမ်းသီးဖြစ်ပြီး ရော်ဘာကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများ ရှိသည့်အတွက် ဈေးကွက်မမီသည့် ထွက်ကုန်များဖြစ်ပေါ်လျက် ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများ ဖြစ်နေပါသည်။ ထိုကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဈေးကွက်ဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ပြုလုပ်ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်း စသည်တို့ လိုအပ်နေပါသည်။

ပြင်ကျေးရွာတွင် သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက် အဆင်ပြေခြင်း၊ မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁၈) စီးရှိပြီး၊ ခွေလှေ့ စက် (၃) လုံး၊ ရေစုပ်စက် (၇) လုံးနှင့် မြက်ရိတ်စက် (၁၂၉) လုံး ရှိပါသည်။ လယ်ယာလုပ် ငန်းခွင်လုပ်ကိုင်သူ အများစုသည် ကိုယ်ပိုင်စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းကြပါသည်။ သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေဩဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း

ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် ချေးယူနိုင်ပါသည်။

ပဉ္စင်ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ပိုးမွှားရောဂါ ကျရောက်မှု အများဆုံး ဖြစ်ပေါ်ပါသည်။ မြို့သို့သွားသည့် လမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/ အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။ သီးနှံထွက်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်မှု နည်းပါးပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့်နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပဉ္စင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၉) အိမ်ရှိပြီး နွားကောင်ရေ (၅၉) ကောင်၊ နို့စားနွား မွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၁) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၁၀) စုမှ (၁၄၅) ကောင်၊ အိမ်ထောင်စု (၁၂၃) အိမ်မှ ဝက် (၂၁၄) ကောင်၊ အိမ်ထောင်စု (၁၁၉) အိမ်မှ ကြက် (၃,၈၉၆) ကောင်၊ အိမ်ထောင်စု (၂၉) အိမ်မှ ဘဲ (၁၂၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသည့် အိမ်ထောင်စုမှာ အများစုဖြစ်ပြီး စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု အနည်းငယ် ရှိသော်လည်း မိမိတို့ကျေးရွာတွင်သာ ရောင်းချကြပါသည်။ မျိုးကောင်းမျိုးသန့်များ အလွယ်တကူ မရရှိနိုင်ခြင်းကြောင့် ဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ခြင်းများ အားနည်းပါသည်။

အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူ လိုသော်လည်း ဈေးကောင်းမရရှိသည့်အတွက် မလုပ်ဆောင်ဖြစ်ကြပေ။ ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် အနည်းငယ် ခက်ခဲခြင်း၊ တိရစ္ဆာန်ရောဂါကျရောက်လျှင် ဝန်ဆောင်မှုပေးနိုင်မည့် မရှိခြင်း စသည်တို့ကြောင့် တိရစ္ဆာန်ရောဂါကာကွယ်ရေး နည်းလမ်းများ၊ စီးပွားဖြစ်မွေးမြူသည့် နည်းပညာများ၊ ဈေးကွက်ချိတ်ဆက်မှု နည်းလမ်းများနှင့် မျိုးကောင်း မျိုးသန့်ရရှိရန် ချိတ်ဆက်မှုများ လိုအပ်နေပါသည်။ တစ်ပိုင်တစ်နိုင် ရေနေငါးဖမ်းဆီးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၂၀) ခန့် ရှိပါသည်။

ပဉ္စင်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေအလုံအလောက်နှင့် စားကျက်မြေ ရရှိနိုင်ပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့်နေရာများ၊ စီးပွားဖြစ်မွေးမြူသည့် နည်းစနစ်များ ရရှိအောင် ချိတ်ဆက်ရန် လိုအပ်လျက် ရှိပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သည့်

အိမ်ထောင်စုများသည် ချေးငွေအသင့်အတင့် ရနိုင်ပြီး ဖမ်းဆီးရမိသည်များကို အလွယ်တကူ ရောင်းချနိုင်ပါသည်။

ပဉ္စင်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ခြင်း၊ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်းကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများရှိသည့်အတွက် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပဉ္စင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဆိုင်ကယ်ပြင်ဆိုင် စသည်ဖြင့် လုပ်ကိုင်ကြပါသည်။ ပန်းရံလုပ်ကိုင်သူ၊ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပါသည်။

ပဉ္စင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄) နာရီလျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု လုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှု အခွင့်အလမ်းများပြီး၊ ဆင်းရဲသည့် မိသားစုများအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်မှု နည်းပါးပါသည်။ ထိုကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အပေါင်ခံပစ္စည်း ပုံစံ (၇) ရှိသည့် လယ်သမားများအား ချေးငွေများကို ကာလလတ်ချေးငွေဖြင့် ချေးပေးလျက်ရှိပါသည်။ အချို့ တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်း မရှိသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့် သူများကိုသာ ထုတ်ချေးပေးပါသည်။ ငွေကြေးဝန်ဆောင်မှုအတွက် World Vision မှလည်း ကူညီမှုများရှိပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရှိသည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့်ချေးငွေများ ရရှိပါသည်။

မိသားစုစားဝတ်နေရေး ကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့်ကြုံသည့် အချိန်တွင် ကျေးရွာတွင်ငွေချေးသူများနှင့် မိတ်ဆွေ၊ ဆွေမျိုးများမှလည်း အတိုးနှုန်းကြီးမြင့်စွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေဝန်ဆောင်မှု ရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပြင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/သူများသွားလာရေးအတွက် အသုံးပြု၍ မြိတ်မြို့သို့ မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာကြပြီး ပြင်မှ လိုင်းကား (၂) စီးတို့ဖြင့်တို့လည်း သွားလာကြပါသည်။ နွားလှည်း (၃) စီး၊ ဆိုင်ကယ်စီးရေမှာ (၁၆၈) စီး၊ သုံးဘီးဆိုင်ကယ် (၂) စီး၊ ထော်လာကျီ (၃) စီး နှင့် ကား (၄) စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးကို ၎င်းတို့ဖြင့် အဓိက လုပ်ဆောင်နေကြပါသည်။ ရန်ကုန်-မြိတ် ကားလမ်းမကြီး နံဘေးတွင် တည်ရှိသည့်အတွက် သွားလာရာတွင် အခက်အခဲများ မရှိသလောက် နည်းပါးပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ယာဉ် မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ပြင်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင် လိုကြပါသည်။ ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်းများဖြစ်သည့်အတွက် လမ်းပျက်စီးနေမှုများ ဖြစ်နေပါသည်။ ပြင်လမ်း (၁/၁) မိုင်အား ကုန်ထုတ်လမ်း ဖောက်လုပ်ရန် လိုအပ်နေပါသည်။

ပြင်ကျေးရွာတွင် ကွန်ကရစ်တံတား (၁) စင်းရှိပြီး ယခု လက်ရှိ အခြေအနေတွင် ကောင်းမွန်နေပါသည်။ သို့သော် ကုန်းသာယာလမ်းတွင် ကွန်ကရစ်တံတား (၁၅) ပေ အရှည် တည်ဆောက်ရန် လိုအပ်နေပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအနေဖြင့် မြစ်ကြောင်းကို အသုံးပြု၍ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသည့် အိမ်ထောင်စုများရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ပြင်ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မီးပေးသည့်စနစ်ဖြင့် မီးလင်းမှုရရှိစေရန် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှု ရှိသော်လည်း ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ သုံးစွဲမှုအတွက် တစ်ရက်ကို (၅၀၀-၇၀၀) ကျပ်တို့ဖြင့် ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဆိုလာ၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များကို သုံးစွဲလျက်ရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ (၂၀၉) အိမ်ရှိသည့် အနက် ဆိုလာအသုံးပြုသည့် အိမ်ခြေ (၁၂၅) အိမ်ရှိပါသည်။ ယခု

လက်ရှိတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပပြင်ကျေးရွာတွင် ဖုန်းသုံးစွဲသူများရှိသော်လည်း လူကြီးများသည် ဖုန်းကိုစနစ်တကျ သုံးစွဲတတ်ခြင်း မရှိပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၃၂) လုံး၊ ရေဒီယို (၁၆) လုံး၊ တီဗွီ (၅၅) လုံး၊ ဂြိုလ်တုစလောင်း (၃၁) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့် တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများ ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

၆။ ပညာရေး

ပပြင်ကျေးရွာတွင် ရွာလုံးကျွတ် စာတတ်မြောက်ပါသည်။ဘွဲ့ရသူဦးရေ (၁၈) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ စုစုပေါင်းလူဦးရေ၏ (၁၆၄) ဦး၊ အလယ်တန်းပညာ ပြီးမြောက်မှုမှာ (၉၃) ဦးရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ် ပညာပြီးဆုံးသူ နှုန်းတို့မှာ သုံးပုံတစ်ပုံခန့် ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာ ပြီးမြောက်မှု များပြားနေပါသည်။

ပပြင်ကျေးရွာရှိ စာသင်ကျောင်းမှာ (၁၉၃၀) ခုနှစ်တွင် ရွာသူ/သားများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်တော်သာကျောင်းကို စတင်ဖွင့်လှစ်ပြီး၊ (၁၉၃၅) ခုနှစ်တွင် မူလတန်းကျောင်းအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ (၂၀၀၂) ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းခံရပါသည်။ (၂၀၁၁) ခုနှစ်တွင် အလယ်တန်းကျောင်းခွဲအဆင့်အဖြစ် ဆက်လက် တိုးမြှင့်ခြင်း ခံခဲ့ရပြီး (၂၀၁၇) ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ခဲ့ပါသည်။

စာသင်ကျောင်းသည် ကျေးရွာနှင့်နီးသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ များပြားလာသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။ နှစ်ထပ်ကျောင်း ဆောင်သစ် (၃၀'x ၁၂၀'x ၂၄') တစ်ဆောက် ထပ်မံတည်ဆောက်ရန် လိုအပ်နေပါသည်။ စာသင်ကျောင်း၏ အမိုး၊ နံရံ၊ အခင်းသည်လည်း ပျက်စီးမှုများရှိပြီး ပြန်လည်ပြုပြင်ရန်နှင့် ကျောင်းခြံစည်းရိုးကာရန်ရန်၊ ဆရာ/

ဆရာမများအတွက် (၄) ခန်းတွဲ ဝန်ထမ်းအိမ်ယာတစ်လုံး တည်ဆောက်ရန် လိုအပ်နေပါသည်။

ပြင်ကျေးရွာတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား/သူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ရှိပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်လျက် ရှိပါသည်။ ကျေးရွာအတွင်း ရိုးရိုးဖျားနာသူများ၊ ကလေးမွေးဖွားသူများအတွက် အဆင်ပြေမှုများရရှိပြီး ရောဂါပြင်းထန်လာသည့်အခါ မြို့နယ်ဆေးရုံသို့ သွားရောက်၍ ကုသကြရပါသည်။ အရေးပေါ်အခြေအနေတွင် ကျန်းမာရေးအထောက်အကူပြုယာဉ်/လူနာတင်ယာဉ်တစ်စီး လိုအပ်နေပါသည်။

ပြင်ကျေးရွာတွင် အိမ်ထောင်စုအများစုသည် သောက်သုံးရေအတွက် ရေတွင်းကိုသာ အဓိကထား အသုံးပြုကြပါသည်။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စိမ့်စမ်းရေသွယ်တန်းပြီး အသုံးပြုသည့် အိမ်ထောင်စု (၂၈) အိမ် ရှိပါသည်။ မြစ်ချောင်းရေကိုအသုံးပြုသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးပေးရန် လိုအပ်လျက် ရှိပါသည်။

ပြင်ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၄၇) အိမ် ရှိပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများမှာ (၅၀) အိမ်ရှိပါသည်။ တွင်း/ဇလားအိမ်သာသုံးစွဲသည့် အိမ်ထောင်စုများရှိသည့်အတွက် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှု တိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပြင်ကျေးရွာတွင် နှစ်စဉ် ဝါဆို၊ ဝါခေါင်လများတွင် မိုးကြီးသဖြင့် တောင်ကျရေများ စီးဆင်းပြီး ပြင်ချောင်းသည် ရေလျှံ၍ ရေဘေးဒုက္ခနှင့် ကြုံတွေ့ရပါသည်။ ချောင်းနံဘေးတွင် သဲအိတ်များဖို့ထားသော်လည်း လုံလောက်မှုမရှိပါ။ (၁၉၉၇) ခုနှစ်တွင် မြေပြိုခြင်း၊ ရေကြီးခြင်းတို့ကြောင့် လူ (၇) ဦးခန့် သေဆုံးခဲ့ရပြီး အိမ်ခြေ (၈၀) ခန့် ရေမျှောပျက်စီးခဲ့ပါသည်။ ထို့အပြင် မြေဆီလွှာများပျက်စီးခြင်း၊ တိရိစ္ဆာန်များဆုံးရှုံးခြင်းများလည်း ဖြစ်ပေါ်

ခဲ့ပါသည်။ ကျေးရွာတွင် လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၈၅%) ရှိပါသည်။ ၄င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမရှိဘဲ ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမှာ (၇၆%) ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြိုးဝိုင်းကြိုးပြင် (၉၃၂၇) ဧက ရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရမည့်စီမံချက်များ မရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန်နှင့် အမှိုက် များ စနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပပြင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူ ပင်ဖြစ်သည်။ ကျား/မဆိုင်ရာတာဂန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိ သည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်နှင့် အထက်တန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောက်ကျား လေးဦးရေထက် နည်းနေသော်လည်း အလယ်တန်းတွင် အရေအတွက်မှာ တန်းတူနီးပါး ဖြစ်နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများ နှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသား များက ပိုရကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အုပ်ချုပ်ရေး အဖွဲ့တွင် အမျိုးသားများသာပါဝင်ပြီး ဘာသာရေးအဖွဲ့တွင် အမျိုးသားနှင့် အမျိုးသမီးပါ ပါဝင်ဖွဲ့စည်းထားပါသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက် အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအဆင့် - ပဉ္စင်း			ကျေးရွာအဆင့် - ပဉ္စင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင် ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်းအဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာ သင်တန်း/ဟောပြောပွဲများ စီစဉ်ဆောင် ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ်မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	

ကျေးရွာအုပ်စုအမည် - ပြင်			ကျေးရွာအမည် - ပြင်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေး နိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းခြံစည်းရိုး (၄၅၀') အား အုတ်တံတိုင်း/ကွန်ကရစ်တိုင်+သံဇကာလိပ်ဖြင့် ကာရန်ခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ကျောင်းဆောင်ဟောင်း (၄၀'x ၁၄၀'x ၁၂') အား ပြင်ထိန်းလုပ်ငန်း ဆောင်ရွက်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ကလေးအားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ဝန်ထမ်းအိမ်ရာ (၄) ခန်းတွဲ တည်ဆောက်ခြင်း။	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	နှစ်ထပ်ကျောင်းဆောင်အသစ် (၃၀'x ၁၂၀'x ၂၄') တည်ဆောက်ခြင်း။	
၂၁	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန် စီစဉ်ပေးခြင်း။	
၂၂	ကျန်းမာရေး	အခြားသော	လူနာတင်ယာဉ်တစ်စီး ဝယ်ယူခြင်း။	

ကျေးရွာအုပ်စုအမည် - ပပြင်			ကျေးရွာအမည် - ပပြင်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
		ကျန်းမာရေး		
၂၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာအရှေ့ပိုင်း ခရေပင်လမ်း (၇၀၀' x ၁၂' x ၀.၅') အားကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ပပြင်လမ်း (၁/၁) မိုင်အား ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ပုဂံမျက်စိချောင်းလမ်းအား မြေသားလမ်းပြုလုပ်ခြင်း (၀/၂) မိုင်။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကုန်းသာယာလမ်းအား မြေသားထပ်တင်ခြင်း (၇၀၀')။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကုန်းသာယာလမ်းတွင် ကွန်ကရစ်တံတား (၁၅) ပေ အရှည် တည်ဆောက်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းခြင်း (၃) မိုင်။	
၂၉	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။	
၃၀	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် လေ့လာရေး စင်တာတစ်ခု တည်ဆောက်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယဉ်ကျေးမှု အမွေအနှစ်နှင့် ရိုးရာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုးဆော်ခြင်း။	
၃၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၃၄	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	

ကျေးရွာအုပ်စုအမည် - ပြင်			ကျေးရွာအမည် - ပြင်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၃၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်အန္တရာယ် ကင်းရှင်းစေရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှု ကင်းဝေးစေရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။	
၃၆	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်း များအား ချိတ်ဆက်ခြင်း။	
၃၆				
၃၇				
၃၈				
၃၉				
၄၀				

နောက်ဆက်တွဲ (၁)

ပပြင်ကျေးရွာ၊ ပပြင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	နော်ဝင်းဝင်းမော်	စောစေးလို	ဖ/မမန (နိုင်) ၁၂၈၄၉၉	၃၉	ဥက္ကဋ္ဌ	၀၉၄၄၂၁၀၂၇၉
၂	စောသူရဦး	စောဂျလေ	ဖ/မမန (နိုင်) ၁၄၁၁၅	၃၂	အတွင်းရေးမှူး	၀၉၂၆၂၆၇၁၂၇၅
၃	စောစေးလို	ဦးအောင်ထွန်းတင်	ဖ/မမန (နိုင်) ၁၄၁၈၃၃	၅၂	ဘဏ္ဍာရေးမှူး	၀၉၂၅၁၁၄၅၃၃၃ဖ
၄	နော်ပစိုးဖော	စောမူးဒေ	ဖ/မမန (နိုင်) ၁၄ဖ၈၁၂	၂၈	စာရင်းကိုင်	-
၅	နော်အယ်ဒိဖော	စောဖိုးစီ	ဖ/မမန (နိုင်) ၁၉၉၁ဖ၉	၂၃	စာရင်းစစ်	၀၉၄၅၁ဖ၄၂၄၂
၆	စောသိန်းဌေး	ဦးအောင်ညွန့်လှိုင်	၁၄/ညတန(နိုင်)၁၃၃၃ဖ၇	၃၀	အဖွဲ့ဝင်	၀၉၄၅၃၃၅၅၂၈
၇	စောဟဲလ်ဘာ	စောပေးလ်ယာ	ဖ/မမန (နိုင်) ၁ဖ၉၇၅၇	၃၀	အဖွဲ့ဝင်	-
၈	ဒေါအိအိဝင်း	ဦးမြင့်ဆွေ	ဖ/မမန (နိုင်) ၁၁၉ဖ၂၀	၃၂	အဖွဲ့ဝင်	
၉						
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၄	၂၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၈	၂၄	၆၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၄	၆၁	၁၂၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၅	၅၇	၁၃၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၈	၃၂၇	၆၅၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၂	၃၃	၅၅
စုစုပေါင်း		**၅၃၈**	**၅၁၆**	**၁၀၅၄**
စုစုပေါင်း အိမ်ထောင်စု		**၁၉၇**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ပပြင်ကျေးရွာတွင် အိမ်ထောင်စု (၁၉၇) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၁,၀၅၄) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၃၇%)၊ ၅ နှစ်အောက်ကလေးအရွယ် (၅.၈၈%)၊ မူလတန်းကျောင်းသားအရွယ် (၁၁.၈၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၅၂%) သက်ကြီးရွယ်ကြီးအရွယ် (၅.၂၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၂.၆၈%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၂၈) ဦး၊ မ (၃၂၇) ဦး စုစုပေါင်း (၆၅၅) ဦး ရှိပြီး၊ တစ်ရွာလုံးလူဦးရေ၏ (၆၂.၁၅%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:	၁၅၇	၂၈၁	၄၅	မြင့် ✓ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၈	၉	၄	မြင့် ☐ လတ် ✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၅	၁	မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁	၁	၁	မြင့် ☐ လတ် ☐ နိမ့် ✓
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၂	၁၅	၁	မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	၈	မြင့် ☐ လတ် ☐ နိမ့် ✓
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	၁	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၆	၁၀	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	-	-	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	-	-	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	-	-	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀	၇	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
	စုစုပေါင်း	၁၉၇	၃၂၃	၆၁	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ကျေးရွာတွင် အဓိကအလုပ်အကိုင်အဖြစ် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် (၁၆၅) အိမ်ထောင်စု လုပ်ကိုင်ကြသည်။ တိရိစ္ဆာန်မွေးမြူရေးတွင် (၂) အိမ်ထောင်စု၊ ရေငန် ငါး/ပုစွန် ဖမ်းဆီးခြင်းလုပ်ငန်းတွင် (၁၂) အိမ်ထောင်စု၊ လက်သမားအလုပ်အကိုင်အဖြစ် (၂) အိမ်ထောင်စု၊ လက်လီလက်ကားရောင်းဝယ်ရေးတွင် (၆) အိမ်ထောင်စု၊ လူမှုရေးလုပ်ငန်းတွင် ဓမ္မအမှုဆောင်အဖြစ် (၁) အိမ်ထောင်စုနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ (၆) အိမ်ထောင်စု ရှိပါသည်။ ပညာရေးဝန်ထမ်း တစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်း နှစ်ဦး ရှိပါသည်။ ပြင်ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများပြားပြီး ကျေးရွာပြင်ပ ရွှေ့ပြောင်းလုပ်သား လုပ်ကိုင်သူ မရှိပေ။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅,၀၀၀	၄,၀၀၀	၃,၀၀၀	၂,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀,၀၀၀	၅,၀၀၀	၈,၀၀၀	၃,၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပြင်ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး

(လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများကို ဆိုလိုသည်။ တစ်နေ့တွင် အမျိုးသား (၅,၀၀၀ မှ ၃,၀၀၀) ကျပ်၊ အမျိုးသမီး (၃,၀၀၀ မှ ၂,၀၀၀) ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား (၁၀,၀၀၀) ကျပ်၊ အမျိုးသမီး (၅,၀၀၀) ကျပ်ခန့် ရရှိပါသည်။ ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည် တန်းတူမရသည့် အတွက် အမျိုးသမီးဦးစီးသည့်အိမ်ထောင်စု မိသားစုသည် စားဝတ်နေရေး မဖူလုံမှုများ ရှိနေပါသည်။ အမျိုးသားများ၏ လုပ်အားခတန်ဖိုးသည်လည်း အခြားကျေးရွာနှင့်နှိုင်းယှဉ်လျှင် နည်းနေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၆၄	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၈	ကောင်း ☐	သင့်☐	ညံ့ ☑
ဥယျာဉ်ခြံမြေ	၁၀၉၆.၄၇	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☑
ခနိတောမြေ	၆၃	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	၃၀	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်	၈၇	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	**၁၆၆၈.၄၇**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပဉ္စင်ကျေးရွာတွင် လယ်မြေသည် မြေဆီလွှာအရည်အသွေး အသင့်အတင့် အနေအထားတွင်ရှိ၍ ဥယျာဉ်ခြံမြေ၏ မြေဆီလွှာအရည်အသွေးသည် ယခုလက်ရှိ အခြေအနေတွင် ကောင်းမွန်ပါသည်။ ကျေးရွာတွင် မြေလွတ်မြေလပ်များ ရှိသေးသည့်အတွက် စိုက်ပျိုးမြေများ တိုးချဲ့နိုင်မည့် အလားအလာများ ရှိပါသည်။ ထို့အပြင် မြေဆီလွှာအရည်အသွေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပိုးမွှားရောဂါ ကျရောက်ခြင်းတို့အတွက် နည်းပညာပေးသင်တန်းများ လိုအပ်လျက် ရှိနေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း ☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပပြင်ကျေးရွာတွင် ဓာတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူအသုံးပြုနေရပါသည်။ သဘာဝ အပင်မျိုးစိတ်များ လည်း အနည်းငယ် တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၁**	**၇၀**	**၈၂**	**၃၄**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပပြင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၅.၅၈%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၃၅.၅၄%) ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု နိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၅၈.၈၈%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်အများစုမှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(ဂ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပပြင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု (၅) စု သည် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အိမ်ထောင်စုများ ဖြစ်ကြပြီး၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပပြင်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အလယ်အလတ် အနေအထား တွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် ၁၉၉၇ ခုနှစ်က ရေကြီး၍ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အိမ်ခြေ (၈၀) ခန့်နှင့် လူ (၇) ဦး သေဆုံးခဲ့ရပါသည်။ ရေကြီးမှုကြောင့် မြေဆီလွှာများပျက်စီးပြီး တိရိစ္ဆာန်များဆုံးရှုံးခဲ့ရပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုလည်း ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ဖြစ်ပွားလျက်ရှိပြီး တောင်ကျ ချောင်းရေကို သုံးစွဲသည့်အတွက် ငှက်ဖျားရောဂါဖြစ်ပွားမှုလည်း ရှိပါသည်။ ကျေးရွာတွင် တိရိစ္ဆာန် ရောဂါကျရောက်မှု အတော်အသင့် ရှိပါသည်။ မုန်တိုင်း၊ ငလျင်၊ မီးဘေးကျရောက်ခြင်းများ မရှိပါ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မည့် အစီအမံများ၊ စိုက်ပျိုးမွေးမြူရေး နည်း ပညာပေးသင်တန်းများ၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ လိုအပ် လျက် ရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
